Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



# Network for Democracy and Development
## Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (025/2010)
# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၂၅/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်နေ့မှ ဇူလိုင်လ (၁၇) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ယခုလဆန်းက ၈၈ မျိုးဆက်ကျောင်းသားလူငယ်မျာ‌း ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်မှ မြောက်ဥက္ကလာပမြို့နယ် ဈေးတစ်ခုတွင် အလှူခံခဲ့မှုကြောင့် မည်သည့်အလှူခံမှုဝင်ရောက်အလှူခံခွင့် မပြုတော့ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တားမြစ်လိုက်သည်။ **(Mizzima 120710) Read More...**
- ကချင်ပြည်နယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **SNDP**၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့က မဲဆွယ်စည်းရုံးရေးဆင်းမှုမျိုး မတွေ့ရသေးပဲ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** တစ်ပါတီသာ ပြိုင်ဘက်မရှိ မဲဆွယ်စည်းရုံးမှုများလုပ်ဆောင်နေပြီး ဒေသခံအာဏာပိုင်းများကိုယ်တိုင် ကူညီပံ့ပိုးပေးနေသည်ဟု မိုးကောင်းဒေသခံ တစ်ဦးကပြောသည်။ **(NEJ 130710) Read More...**
- အသက် (၁၈) နှစ်ပြည့်ပြီးသူတိုင်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (**USDP** )ပါတီဝင်အဖြစ် အတင်းအဓမ္မဝင်ခိုင်းကာ ပါတီဝင်ရန် တစ်ဦးလျှင် ဝင်ကြေး (၁,၀၀၀) ကျပ်ပါ ပေးသွင်းရကြောင်း ရန်ကုန်မြို့ခံများကပြောသည်။ **(NEJ 140710) Read More...**
- ယခုနှစ်အတွင်း နအဖစစ်အစိုးရမှ ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲကြောင့် တက္ကသိုလ်စာမေးပွဲများ စောစစ်နိုင်ရန်အတွက် သင်ခန်းစာများကို တက်သုတ်ရိုက်သင်ကြားနေရကြောင်း ဒဂုံတက္ကသိုလ်မှ သမိုင်းဘာသာရပ်နည်းပြဆရာမတစ်ဦးကပြောသည်။ **(NEJ 140710) Read More...**
- ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်းရှိ တရုတ်လူမျိုးများအား ၂၀၁၀ ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်အတွက် ဧည့်နိုင်ငံသားနှင့်နိုင်ငံသားပြုခွင့်ရကတ်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က မဲဆွယ်သည့်အနေဖြင့်ပြုလုပ်ပေးနေသည်။ **(NEJ 140710) Read More...**
- လာမည့် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် ၆၃ ကြိမ်မြောက် အာဇာနည်နေ့အခမ်းအနားကို နိုင်ငံရေးပါတီအသစ်များ တက်ရောက်လိုပါက တက်ရောက်နိုင်ကြောင်း နအဖစစ်အစိုးရမှ ဇူလိုင်လ ၁၄ ရက်နေ့က ဖိတ်ကြားလိုက် သည်။ **(DVB 140710) Read More...**
- သျှမ်းပြည်မြောက်ပိုင်း မန်တုံမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (**USDP**)၏ ပါတီအဖွဲ့ဝင်များက ပါတီမဲရရှိရေး အတွက် တအာင်း(ပလောင်) လူကြီးများ၏အမည်ကို အလွဲသုံးစားပြုကာ ဇူလိုင်လ ၁၄ ရက်နေ့တွင် မိုင်းမော်ဒေသ ဘက်သို့ မဲဆွယ်စည်းရုံးရေးဆင်းနေသည်ဟု စည်းရုံးခံခဲ့ရသော ဒေသခံတစ်ဦးကပြောသည်။ **(Palaungland 150710) Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- သီးသန့်လူမျိုးစုနိုင်ငံရေးပါတီ တည်ထောင်ထားခြင်း လုံးဝမရှိသည့် ကယား (ကရင်နီ) ပြည်နယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (**USDP**)တစ်ခုတည်းကသာ မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်နေကြောင်း အပစ်ရပ်ငြိမ်းချမ်းရေးအဖွဲ့မှ ခေါင်းဆောင်တစ်ဦးက ပြောသည်။ **(NEJ 150710)** **Read More...**
- လူမှုရေးအသင်းအမည်ခံထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း( **USDA**) အသင်းကိုဖျက်သိမ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (**USDP**) အဖြစ် ဆက်လက်ရပ်တည်တော့မည်ဖြစ်ကြောင်း၊ အသင်းကို ဇူလိုင်လ ၆ ရက်နေ့မှစ၍ ဖျက်သိမ်းပြီးဖြစ်၍ အသင်းပိုင်ပစ္စည်းများကို ပါတီသို့ အပြီး လွှဲပြောင်းပေးသွားပြီးဖြစ်ကြောင်း **USDA** ရုံးအဖွဲ့မှူး သူရဦးမြင့်ဦးကို ကိုးကား၍ **BBC** သတင်းဌာနက ဖော်ပြထားသည်။ **(Irrawaddy 160710)** **Read More...**
- သျှမ်းပြည် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်တွင် ဝန်ကြီးချုပ်ဦးသိန်းစိန် ဦးဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** အတွက် လူထုစည်းရုံးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကြံ့ဖွံ့အသင်း **(USDA)** က အဓိက လုပ်ဆောင် ပေးနေကြောင်း နမ့်ခမ်းမြို့နယ် ကြံ့ဖွံ့အသင်းဝင်တစ်ဦးကပြောသည်။ **(S.H.A.N 160710)** **Read More...**

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- ခမောက်ပုံ ပါတီတံဆိပ်အသုံးပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်သည့်ကြားမှ ရွေးကောက်ပွဲကော်မရှင်က အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ပါတီကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးမှတ်ပုံတင်ခွင့်
- ပြုလိုက်သည့်အပေါ် အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က လက်မခံကြောင်း ရှုတ်ချလိုက်သည်။ **(NEJ 120610)** **Read More...**
- ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့သည့်အခါ အမှုအကြောင်းကလွဲ၍ နိုင်ငံရေးအကြောင်းများမပြောရဟု တားမြစ်မှုသည် တရားဥပဒေနှင့်မကိုက်ညီသဖြင့် ၎င်းတားမြစ်မှုနှင့်ပတ်သက်၍ ကန့်ကွက်စာတင်ရန် ဒေါ်အောင်ဆန်းစုကြည်မှ ပြောကြားလိုက်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပြောခွင့်ရပုဂ္ဂိုလ် ရှေ့နေဦးဉာဏ်ဝင်းကပြောသည်။ **(DVB 130710)** **Read More...**, **RFA...**
- နေအိမ်အကျယ်ချုပ်ကျခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က "မြန်မာစစ်အစိုးရကို တရားစွဲရန် ဆောင်ရွက်နေခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို ပိတ်ထားသည့်သဘောမဟုတ်ကြောင်း" ဇူလိုင်လ ၁၃ ရက်နေ့က သူမ၏ရှေ့နေဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်းတို့နှင့်တွေ့ဆုံစဉ်ပြောကြားလိုက်သည်။ **(VOA 130710)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်တို့ဦးဆောင်သော အဖွဲ့ သည် ဇူလိုင်လ ၁၆ ရက်နေ့က နစ်ရှည်ထောင်ဒဏ်ကျခံနေရသည့် ၈၈ မျိုးဆက်ကျောင်းသားများ၏ မိသားစု ၁၀ ဦး၏ နေအိမ်များသို့ သွားရောက်အားပေးစကားပြောကြားခဲ့ကြသည်။ **(DVB 160710)** **Read More...**

### (ခ) ပြည်ပအင်အားစုများ

- နအဖမှ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအား လက်မခံကြောင်း တိုင်းရင်းသားအဖွဲ့အစည်း (၈) ဖွဲ့ဖြင့် စုပေါင်းဖွဲ့စည်းထားသော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု **NDF** က နိုင်ငံတကာကို ရှင်းလင်းပွဲများ လိုက်လံလုပ်ဆောင်သွားမည်ဟု ပြောဆိုလိုက်သည်။ **(DVB 100710)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- ကရင်ပြည်နယ်ဖားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ် မဲ့စရစ် ဂွင်အတွင်း လှုပ်ရှားနေသည့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** တပ်မဟာ (၉၉၉) အထူးတပ်ရင်းမှ တပ်စုတစ်စုသည် လက်နက်အပြည့်အစုံနှင့်အတူ **KNU** တပ်မဟာ (၇) ထံ ဇူလိုင်လ (၁၁) ရက်နေ့က လာရောက်ပူးပေါင်းခဲ့သည်။ **(KIC 120710) Read More...**
- နအဖစစ်အစိုးရ၏ အသွင်ပြောင်းရေးအစီအစဉ်အား လက်ခံခဲ့သည့် အပစ်ရပ်သျှမ်းပြည်တပ်မတော်အား "သျှမ်းပြည်တပ်မတော်" ဆိုသည့်အမည်နှင့်မလိုက်ဖက်ဟု (National Democratic Alliance Army) အမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော် (ခေါ်) မိုင်းလားတပ်ဖွဲ့ခေါင်းဆောင် စဝ်စိုင်းလင်းက ဝေဖန်ပြောဆိုလိုက်သည်။ **(S.H.A.N 140710) Read More...**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်ရပြီးသောပါတီများ

- သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **(SNDP)** သည် သျှမ်းပြည်မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းနှင့်ကချင်ပြည်နယ်ရှိ သျှမ်းတိုင်းရင်းသားများ နေထိုင်သည့် မြို့နယ်တချို့တွင် စည်းရုံးရေးလုပ်ငန်းများစတင်နေပြီးဖြစ် ကြောင်း ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးစိုင်းအိုက်ပေါဝ်းကပြောသည်။ **(S.H.A.N 120710) Read More...**
- ရွေးကောက်ပွဲတွင် မွန်ပြည်နယ်ကို ဗဟိုပြု၍ ဝင်ရောက်ယှဉ်ပြိုင်မည့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့်တန်းတူရေးကိစ္စရပ်များကို အဓိကပန်းတိုင်အဖြစ်ထားရှိလုပ်ဆောင်သွားမည်ဟု ပါတီ ပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာမင်းနွယ်စိုးကပြောသည်။ **(DVB 130710) Read More...**
- လားရှိုးမြို့အခြေစိုက် ဝ ဒီမိုကရက်တစ်ပါတီသည် လွှတ်တော်အဆင့်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အဖွဲ့ဝင်အရေအတွက် ရရှိရေးကို စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ပါတီလှုပ်ရှားမှုအတွက် လိုအပ်သည့် ဘဏ္ဍာငွေကြေးဆိုင်ရာလည်ပတ်နိုင်ရန် ပါတီပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သွားရန်စီစဉ်နေကြောင်း ပါတီဥက္ကဋ္ဌ ဦးခွန်ထွန်းလူက ပြောသည်။ **Myanmar Times** အတွဲအမှတ် (၂၄၊ အမှတ် ၄၇၄) **Read More...**
- "ရွေးကောက်ပွဲတွင် ကျွန်တော်တို့နိုင်ရင် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်းနှင့် စီးပွားရေးတိုးတက်မှုကို အလွှာပေါင်းစုံက ခံစားခွင့်ရရှိရေး၊ ဝင်ငွေနှင့် ချမ်းသာကြွယ်ဝမှုကို အားလုံးခံစားခွင့်ရရှိရေးကို လုပ်ဆောင်သွားမည်" ဟု ဦးဟန်ရွှေကပြောသည်။ **Myanmar Times အတွဲအမှတ် (၂၄ ၊ အမှတ် ၄၇၄) Read More...**
- မွန်နိုင်ငံရေးပါတီသစ်တစ်ခုဖြစ်သည့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ဇူလိုင်လ (၁၁) ရက်နေ့က မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်အတွင်းရှိ ပါတီဌာနချုပ်ရုံးသစ်တွင် အစည်းအဝေးကျင်းပခဲ့ပြီး ဗဟိုအလုပ်အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ခဲ့သည်ဟု ပါတီ ဥက္ကဋ္ဌ နိုင်ငွေသိန်းကပြောသည်။ **(Kaowao 130710) Read More...**
- ၂၀၁၀ ရွေးကောက်ပွဲ၌ ချင်းပြည်နယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ချင်းတိုးတက်ရေးပါတီ **(CPP)** က ၎င်းတို့၏ ပထမဆုံးအကြိမ် ညီလာခံကို ပါတီဗဟိုရုံးစိုက်ရာ ရန်ကုန်မြို့တွင် ဇူလိုင်လ ၂၁ ရက်နေ့၌ ခေါ်ယူကျင်းပမည်ဟု **CPP** ပါတီဝင်တစ်ဦးကပြောသည်။ **(Khonumthung 140710) Read More...**
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပေးခဲ့သည့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ၏ မြို့နယ်ရုံးခွဲကို စစ်တွေမြို့တွင် ဇူလိုင်လ ၁၀ ရက်နေ့က ထပ်မံဖွင့်လှစ်လိုက်သည်။ **(Narinjara 160710) Read More...**
- ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် **PNO** သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ဇူလိုင်လ ၁၂ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ပါတီဝင်အင်အားစာရင်း တင်ခဲ့ပြီးဖြစ်ကြောင်း ဇူလိုင်လ ၁၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားသည်။ **(Taunggyi Times 160710) Read Mare...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## နိုင်ငံရေးပါတီတည်ထောင်ခွင့်ရရှိရေးအတွက် လျှောက်ထားသောပါတီများ

- ဒေါက်တာတူးဂျာသည် ကချင်လွတ်မြောက်ရေးအဖွဲ့နှင့် ဆက်စပ်လျှက်ရှိသဖြင့် ဒေါက်တာတူးဂျာဦးဆောင်သော ကချင်ပြည်နယ်တိုးတက်ရေးပါတီ **KSPP** ကို ပါတီတည်ထောင်ခွင့်ပြုမည်မဟုတ်ကြောင်း အမှတ် ၁ စက်မှုဝန်ကြီး ဦးအောင်သောင်းက ကချင်ခေါင်းဆောင်များကို ဇူလိုင်လ ၁၂ ရက်နေ့က ပြောကြားလိုက်သည်။ **(Mizzima 130710)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### အစိုးရများ

- ရန်ကုန်အခြေစိုက် ဗြိတိသျှသံရုံး ပထမအတွင်းဝန်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်များနှင့် ပါတီဒု–ဥက္ကဋ္ဌ ဦးတင်ဦး၏နေအိမ်တွင် လာရောက်တွေ့ဆုံခဲ့ကာ **NLD** ၏ လက်ရှိရပ်တည်ချက်နှင့်ရှေ့လုပ်ငန်းစဥ်များအကြောင်း ဆွေးနွေးမေးမြန်းခဲ့ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကပြောသည်။ **(DVB 120710)** **Read More...**, **RFA...**
- နအဖစစ်အစိုးရမှ ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတမှုမရှိသည့်အပြင် တရားဝင်ရလဒ်များနှင့်လည်းဝေးနေသည်ဟု ဇူလိုင်လ ၁၂ ရက်နေ့က ပြုလုပ်သည့် အမေရိကန်အစိုးရ သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်အစိုးရ ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာဖိလစ်ခရိုလီကပြောကြားလိုက်သည်။ **(RFA 130710)** **Read More...**, **DVB...**
- အမေရိကန်ပြည်ထောင်စု၏ ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ လွတ်မြောက်ရေးနှင့်ဒီမိုကရေစီအက်ဥပဒေကို သက်တမ်းတိုးရန်အတွက် အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော်မှ ကန့်ကွက်သူမရှိ အတည်ပြုလိုက်ကြသည်။ **(RFA 140710)** **Read More...**

---

***End of report/ Saturday, July 10, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---

မိတ်ဆွေများခင်ဗျား-

မိမိတို့ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (NDD)၊ မှတ်တမ်းတင်နှင့်သုတေသနဌာနအနေဖြင့် မြန်မာနိုင်ငံနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ၊ အထောက်အထားများကို စနစ်တကျသိမ်းဆည်းမှတ်တမ်းတင်နေပါသဖြင့် လူကြီးမင်းများတို့၏ အဖွဲ့အစည်းမှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ၊ စာတမ်းများ၊ သတင်းများ၊ ထုတ်ပြန်ကြေညာချက်များ၊ သတင်းဓာတ်ပုံများကို ပေးပို့ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မှတ်တမ်းတင်နှင့်သုတေသနဌာန
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု